ရက်စွဲ။ ။ ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ(၇) ရက်

# အုပ်ချုပ်မှုဒါရိုက်တာတာဝန်မှ စွန့်လွှတ်ခွင့်ပြုခြင်းနှင့် အမှုဆောင်အရာရှိချုပ်ခန့်အပ်ခြင်း

မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်းပက်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှရင်းနှီးမြှုပ်နှံသူများနှင့် အစုရှယ်ယာရှင်များသို့ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ (၁၀) ရက်နေ့မှစ၍ အချိန်ပြည့် တာဝန်ထမ်းဆောင်မည့် အမှုဆောင်အရာရှိချုပ်တစ်ဦးခန့်ထားနိုင်ခြင်းမပြုမီကာလအထိ အုပ်ချုပ်မှုဒါရိုက်တာအဖြစ် တာဝန်ယူထားသော ဦးအောင်စိုးသာ၏နေရာတွင် အချိန်ပြည့်တာဝန်ထမ်းဆောင်မည့် အမှုဆောင်အရာရှိချုပ်တစ်ဦးအား ခန့်အပ်ပြီးဖြစ်ပါသဖြင့် ဦးအောင်စိုးသာအား အုပ်ချုပ်မှုဒါရိုက်တာ တာဝန်မှ စွန့်လွှတ်ခွင့်ပြုပြီး ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ဦးအောင်စိုးသာအနေဖြင့် အုပ်ချုပ်မှုဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်ကာလအတွင်း ကုမ္ပဏီ၏ လုပ်ငန်းများ တိုးတက်အောင်မြင်ရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းများအားဒါရိုက်တာအဖွဲ့မှအသိအမှတ်ပြုကျေးဇူးတင်ရှိပါသည်။

ဒါရိုက်တာအဖွဲ့မှ ကမ္ဘာ့အကြီးဆုံးအိမ်ခြံမြေအဖွဲ့အစည်းတစ်ခုဖြစ်သော CBRE Limited တွင် တာဝန်ထမ်းဆောင်ခဲ့သည့် ဦးကျော်ဇောဝေအားအမှုဆောင်အရာရှိချုပ်အဖြစ် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ (၂)ရက်နေ့တွင် ခန့်အပ်ရန်အတွက် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၂၅) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ဒါရိုက်တာအဖွဲ့အစည်းအဝေးတွင် သဘောတူအတည်ပြုဆုံးဖြတ်ခဲ့ပါသည်။ ဦးကျော်ဇောဝေသည် အမေရိကန်နိုင်ငံနှင့် ကမ္ဘာ့ထိပ်တန်းအိမ်ခြံမြေအဖွဲ့အစည်းတို့တွင် ဘဏ္ဍာရေးနှင့်လုပ်ငန်းပိုင်းဆိုင်ရာစီမံခန့်ခွဲမှု အတွေ့အကြုံများစွာ ရှိသူတစ်ဦးဖြစ်သည့်အတွက် ကုမ္ပဏီ၏ရည်မှန်းချက်များအားအကောင်အထည်ဖော်ရာတွင် စီမံခန့်ခွဲရေးကဏ္ဍ၌ဦးဆောင်သူတစ်ဦးအနေဖြင့် အောင်မြင်စွာဆောင်ရွက်နိုင်မည်ဟု ဒါရိုက်တာအဖွဲ့မှ ယုံကြည်မျှော်လင့်ပါသည်။

ဦးကျော်ဇောဝေ၏ပညာရေးနှင့် လုပ်ငန်းအတွေ့အကြုံများမှာအောက်ပါအတိုင်းဖြစ်ပါသည်။

**ပညာအရည်အချင်းနှင့် ပညာရှင်အဆင့်တိုးတက်ဖြစ်ပေါ်မှုများ**

| | | |
|---|---|---|
| **1981** | **:** | Bachelor of Commerce, Accounting Institute of Economics, University of Rangoon, Burma/ Myanmar |
| **1991** | **:** | Master of Business Administration, Asian Institute of Technology (an internationally-recognized, autonomous advanced learning and research institute of Asia), Bangkok, Thailand |
| **1997** | **:** | Post-MBA in Advanced Management Program, York University, Toronto, Canada |
| **2000** | **:** | Frontline Leadership Development Modules Brookfield LePage Johnson Controls Markham, Canada |
| **2009** | **:** | Lean Sigma Process Improvement Orange BeltCBRE Quality and Innovation Assurance, Memphis, USA |
| **2009** | : | IFRS for Real Estate, Infonex, Toronto, Canada |
| **2016** | : | Harvard Manage Mentor Program, Seasoned Management Training, USA |

**ပညာရှင်အဆင့် လုပ်ငန်းဆိုင်ရာအတွေ့အကြုံများ**

ဦးကျော်ဇောဝေသည် ကနေဒါ၊ ဂျပန်။ ထိုင်း၊ စင်ကာပူ၊ မြန်မာစသည့် အာရှနှင့် အမေရိကနိုင်ငံတို့တွင် အိမ်ခြံမြေအဖွဲ့အစည်းများ၌ နှစ်ပေါင်း (၂၅)နှစ်ကျော် အတွေ့အကြုံရှိသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်ပြီး၊ Country Leader, Vice President Asset Management, Alliance Director, Director Accounting Services, Director Finance and Accounting, Director Planning & Analysis,

Controller စသည့် ရာထူးတာဝန် အမျိုးမျိုးတို့ကို ထမ်းဆောင်ခဲ့ပါသည်။ သူသည် ကုမ္ပဏီသို့မဝင်ရောက်မီ ၂၀၀၆ ခုနှစ်မှ ၂၀၁၈ ခုနှစ် အတွင်း ကနေဒါနိုင်ငံ၊ တိုရွန်တိုမြို့တွင်ရှိသော ကမ္ဘာလုံးဆိုင်ရာအိမ်ခြံမြေလုပ်ငန်းများကို စီမံဆောင်ရွက်နေသည့် CBRE LIMITED တွင် Director, Country Leader စသည့် စီမံခန့်ခွဲရေးရာထူးတာဝန်များကိုထမ်းဆောင်ခဲ့ပါသည်။

သူသည် အဖွဲ့အစည်းအတွင်း ဦးဆောင်မှုစွမ်းရည်ရှိခြင်းနှင့် မှန်ကန်သော ဆုံးဖြတ်ချက်များချမှတ်နိုင်ခြင်း၊ ကောင်းမွန်သည့်ရလဒ်များ ဖော်ဆောင်ခြင်းဖြင့် ကုမ္ပဏီအတွက် အကောင်းဆုံးစွမ်းဆောင်မှုများကို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ သူ၏ကျွမ်းကျင်မှုများတွင် မဟာဗျူဟာချမှတ်ခြင်း၊ ဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲခြင်း၊ ကုမ္ပဏီ၏ရပိုင်ခွင့်များအားစီမံခန့်ခွဲခြင်း၊ လုပ်ငန်းဆိုင်ရာစီမံခန့်ခွဲမှုများအား အစီရင်ခံတင်ပြခြင်း၊ ငွေကြေးဆိုင်ရာသုံးသပ်ခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ ပါဝင်ပါသည်။



ထွန်းလွင်
ဒါရိုက်တာအဖွဲ့အတွင်းရေးမှူး